စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၂/၂၀၂၀

myantrade

**၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- လက်ရှိဘဏ္ဍာနှစ်အတွင်း ကော်ဖီတန်ချိန် တစ်ထောင်ခန့် တင်ပို့ရန်လျာထား
- ငရုတ်ကောင်းဈေး ထက်ဝက်ကျဆင်း၍ ရေးမြို့နယ်တောင်သူများအရှုံးပေါ်

**နိုင်ငံတကာဈေးကွက်**

- ၂၀၂၀ နှစ်သစ်အစ အာရှဆန်ဈေးကွက် အခြေအနေ
- ဘင်္ဂလားဒေ့ရှ် ကြက်သွန်အကြပ်အတည်းကို တောင်သူတစ်ဦးက ဆန်းသစ်တီထွင်ဖြေရှင်းခဲ့

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအပိုင်း၌ အထည်ချုပ်ကဏ္ဍသည် ယခင်နှစ်များထက် ရာခိုင်နှုန်း ၆၀ အထိ တိုးတက်လာဟုသိရ
- မြန်မာနိုင်ငံ၏ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အမျိုးအသားအဆင့် အထည်အလိပ်မူဝါဒ National Textile Policy ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိ
- ဒိန်းမတ်နိုင်ငံ၏ ပံ့ပိုးမှုဖြင့် ရခိုင်ပြည်နယ်တွင် ဖန်လုံအိမ်နည်းပညာဖြင့် ငါးခြောက်လုပ်ငန်း ပြုလုပ်

**ပြည်ပကုန်သွယ်မှုသတင်း**

- လက်ရှိဘဏ္ဍာနှစ် နှစ်လအတွင်း တရုတ်သို့ ပိုးချည်အိမ် တန်ချိန် ၉၀ ကျော်တင်ပို့ထား
- စွမ်းအင်နှင့် စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် ချက်သမ္မနိုင်ငံက ရင်းနှီးမြှုပ်နှံလို
- တရုတ်က ဆီးစေ့အဆန်များ မဝယ်ယူသေးခြင်းကြောင့် ဆီးသီးလုပ်ငန်းရှင်များ အခက်တွေ့
- ချဉ်ပေါင်ဖာလာကို ပြည်ပဈေးကွက်သစ်ရရှိရေး ပံ့ပိုးသွားမည်
- ဂျပန်နှင့် ကိုရီးယားများ ရေလုပ်ငန်းနှင့် မွေးမြူရေးတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်ဆွေးနွေး

**အထူးဆောင်းပါးများ**

- စီမံကိန်း ကိုးခုဖြင့် စတင်တော့မည့် ထားဝယ်အထူးစီးပွားရေးဇုန် ကျင်

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail.com



# ပြည်တွင်းဈေးကွက်

## လက်ရှိဘဏ္ဍာနှစ်အတွင်း ကော်ဖီတန်ချိန်တစ်ထောင်ခန့် တင်ပို့ရန်လျာထား

ယခု၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ကော်ဖီတန်ချိန် တစ်ထောင်ခန့်တင်ပို့ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းထံမှ သိရသည်။ အသင်းဥက္ကဋ္ဌ ဦးမျိုးအေးက "ဒီနှစ်ပြည်ပကို ကော်ဖီတန်ချိန် ၈၀၀ ကနေ ၁၀၀၀ ကြားတင်ပို့ဖို့မျှော်မှန်းထားတယ်။ ဈေးကွက်လည်းကောင်းသလို တိုးတက်စိုက်ပျိုးဖို့လည်း လိုအပ်တယ်။ ကျွန်တော်တို့ဆီမှာက အာရေဗီးကား အများဆုံး ထုတ်လုပ်တယ်။ ဒီထဲမှာ အထူးတန်းဝင် ကော်ဖီကဈေးပိုရတယ်။ အရည်အသွေးမြင့်ရင် တစ်တန်ကို ကန်ဒေါ်လာ ၄၅၀၀ ကနေ ၁၀၀၀၀ လောက်အထိရတယ်။ ဈေးကောင်းရတာကလည်း နိုင်ငံရဲ့ မူလရင်းမြစ်အစရယ်၊ သဘာဝ အတိုင်းထုတ်လုပ်တာရယ်၊ ထူးခြားတဲ့ အရည်အသွေးရယ်ကြောင့်ဖြစ်တယ်"ဟုပြောသည်။ မြန်မာ့ကော်ဖီများကို ထိုင်ဝမ်၊ အမေရိကန်၊ ထိုင်း၊ ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ တောင်ကိုရီးယား၊ ဂျပန်၊ ပြင်သစ်နှင့် ဆွစ်ဇာလန်စသည့် နိုင်ငံများသို့ တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် ၈၅၀ ခန့် တင်ပို့လျက်ရှိပြီး ယခုနှစ်တွင် ပိုမိုတင်ပို့နိုင်ရန် မျှော်မှန်းထားခြင်းဖြစ်သည်။ ထို့အတူ ကော်ဖီကို ပြည်တွင်း၌သုံးစွဲမှု မြင့်မားလာခြင်းကြောင့် ပြည်ပက ကန်ဒေါ်သန်း ၁၀၀ ခန့် ကုန်ကျခံတင်သွင်းနေရခြင်းကို လျှော့ချနိုင်ရန်စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကော်ဖီစိုက်ဧက ဟက်တာ ၁၀၀၀၀၀ အထိ တိုးမြှင့်စိုက်ပျိုးရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် အရည်အသွေးမြင့် ကော်ဖီ တန်ချိန် ဖ၀၀၀၀ အထိ ထုတ်လုပ်ရန်မျှော်မှန်းထားကြောင်းသိရသည်။ "ရှမ်းပြည်နယ်နဲ့ ရွှင်ထွက်အဆင့်မြင့် ကော်ဖီတွေကို ထုတ်လုပ်တင်ပို့နိုင်ဖို့ ကြိုးပမ်းနေသလို ချင်းပြည်နယ်က ဈေးကွက်ရှိတဲ့ကော်ဖီကို ဈေးကွက်ချိတ်ဆက်တင်ပို့နိုင်ရေး အစီအစဉ်တွေ တိုးမြှင့် ဆောင်ရွက်နေတယ်"ဟု အဆိုပါအသင်း နာယက ဦးရဲမြင့်ကပြောသည်။ နိုင်ငံအတွင်း ကော်ဖီစိုက်ပျိုးမှု ဟက်တာ ၂၀၀၀၀ ခန့် (၄၉၀၀၀ ဧကကျော်) မှ တန်ချိန် ၇၀၀၀ ခန့် ထွက်ရှိကြောင်း၊ ၎င်းအနက် ပရီမီယံအဆင့် အထူးအရည်အသွေး ကော်ဖီတန်ချိန် ၁၀၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း သိရသည်။ နိုင်ငံတွင်း ကော်ဖီစိုက်ပျိုးမှု၏ ၈၀ ရာခိုင်နှုန်းမှာ မြောက်ပိုင်းကုန်းမြင့်ဒေသစိုက် အာရေဗီးကားကော်ဖီများဖြစ်ပြီး ကျန် ၂၀ ရာခိုင်နှုန်းမှာ တောင်ပိုင်းရှိ မြေနိမ့်ဒေသများတွင်စိုက်သည့် ရိုဘတ်စတာ ကော်ဖီမျိုး များဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံက ဘလူးမောင်တိန်ကော်ဖီမျိုးအပါအဝင် အာရေဗီးကားကော်ဖီ ၁၂ မျိုးခန့် စိုက်ပျိုးထုတ်လုပ်နေပြီး နှစ်စဉ် ဒီဇင်ဘာလမှ မတ်လအထိ ခူးဆွတ်ကာလဖြစ်သည်။ မြန်မာနိုင်ငံ၏ ပရီမီယံအဆင့်အထူးကော်ဖီ၏ရနံ့သည် သင်းပျံ့မွှေးကြိုင်ကာ သမမျှတသည့်အရသာကြောင့် နိုင်ငံတကာကော်ဖီဈေးကွက်၌ အသိအမှတ်ပြုမှုများ ရရှိနေသလို ကော်ဖီနမူနာ အများစုသည် မြည်းစမ်းသူများကပေးအပ်သော အမှတ် ၈၅ မှတ်ကျော်အထိရရှိခဲ့ရာ အထူးကောင်းမွန်သည့်ကော်ဖီအဖြစ် အသိအမှတ်ပြုကြကြောင်းသိရသည်။ ကော်ဖီကဏ္ဍ ဖွံ့ဖြိုးလာစေရန် မျိုးစေ့ထုတ်လုပ်ခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မျိုးကောင်း၊ မျိုးသန့်များကို ထုတ်လုပ်ရာတွင် ဆောင်ရွက်ရမည့်ကျင့်စဉ်များ၊ နည်းပညာနှင့် လူ့စွမ်းအားဖွံ့ဖြိုးရေး ဆောင်ရွက်ရာ၌ လိုအပ်သည့်စိုက်ပျိုးရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များရရှိရန် ကြိုးပမ်းနေကြောင်း သိရသည်။ ထို့ပြင် ကော်ဖီဈေးကွက်ရှာဖွေရေးအတွက် စိုက်ပျိုးထုတ်လုပ်ရောင်းချမှု အားပေးမြှင့်တင်နိုင်ရေးဆိုင်ရာများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးထားကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနက ကော်ဖီခြံများကို ဒေသအလိုက်အထူးဇုန်အဖြစ် ရည်မှန်းချက်ချမှတ်ပြီး စိုက်ပျိုးနိုင်ရေးအတွက် ဒေသတွင်းမှ တစ်ပိုင်တစ်နိုင်ခြံရှင်များကိုစီးပွားဖြစ်စိုက်ပျိုးသည်အထိ စည်းရုံးရန်လိုအပ်သလို ခေတ်မီတောင်စောင်းနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာများ ပေးနေသည်။ ပြင်ဦးလွင်ရှိ ကော်ဖီစိုက်တောင်သူ ဦးစိုင်းမျိုးအောင်က "ကော်ဖီသီးနှံက ပြည်တွင်းရော၊ ပြည်ပကိုသာ စားသုံးမှုမြင့်မားတဲ့ သီးနှံဖြစ်လို့ ဈေးကွက်အတွက် စိတ်မပူရပေမယ့် ဒီလိုတွေ လုပ်နိုင်အောင်ဆိုရင် စိုက်မယ်ဆိုကတည်းက နှစ်ရှည်ပင်လည်းဖြစ်တယ်၊ မြေနေရာအတွက် အရင်းအနှီးလည်းကြီးတော့ ဒါတွေ ကို စနစ်တကျဖြစ်လာဖို့လိုတာ။ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီးတော့ စိုက်ချင်တဲ့ဒေသတွေမှာ ပျိုးပင်တွေ ဖြန့်ချိပေးနိုင်အောင် ဒေသဆိုင်ရာကနေပံ့ပိုးကူညီပေးဖို့ လိုအပ်တယ်" ဟုပြောသည်။ ကော်ဖီကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုး သည်။ ဈေးကွက်ပေါက်ဈေးနှင့်ကော်ဖီ အမျိုးအစားအပေါ်မူတည်၍ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၀၀၀ မှ ၄၀၀၀ ကြားရရှိပြီး ဈေးကွက်ဝေစုမှ ၁၁ ရာခိုင်နှုန်းခန့် တိုးတက်လာကြောင်းသိရသည်။



Source: http://htwettoe.com/article-details/news/8640925

## ရော်ကောင်းဈေး ထက်ဝက်ကျဆင်း၍ ရေးမြို့နယ် တောင်သူများ အရှုံးပေါ်

မွန်ပြည်နယ် ရေးမြို့နယ်က ရော်ကောင်းတွေ ဈေးကွက်အတွင်း စတင်ဝင်ရောက်လာနေပေမယ့် ရော်ကောင်း ဈေးနှုန်းဟာ ပြီးခဲ့တဲ့နှစ်ရဲ့ ဈေးထက် ထက်ဝက်နီးပါးလောက်သာ ရရှိကြတာကြောင့် တောင်သူတွေ အရှုံးပေါ်နေတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ရော်ကောင်းရာသီပေါ်စ အဖွင့်ဈေးက ၁ ပိဿာကို ကျပ် ၈၀၀၀ အထိ ရရှိ ပေမယ့် အခုနှစ် အဖွင့်ဈေးက ကျပ် ၄၀၀၀ လောက်သာရရှိပြီး ထက်ဝက်လောက်ဈေးကျဆင်းခဲ့တယ်လို့ တောင်သူဦးစောလွင်က ပြောပါ သည်။ ရော်ကောင်းပင်တွေလည်း ပြီးခဲ့တဲ့နှစ်က သဘာဝဘေး ရေကြီးနစ်မြုပ်ဒဏ် ခံရလို့ ပျက်စီးဆုံးရှုံးခဲ့တာကြောင့် ရော်ကောင်း အထွက်နှုန်းလည်း ကျဆင်းတာမျိုးတွေရှိပြီး ဈေးကွက်မှာ ဈေးကောင်းရဖို့ တောင်သူ အများစုက မျှော်လင့်ခဲ့ပါသည်။



လွန်ခဲ့တဲ့ ၅ နှစ်လောက်က ရော်ကောင်းဈေးဟာ တပိဿာကို ၁၅၀၀၀ အထက်မှာ ရရှိခဲ့ပြီး နောက်ပိုင်း အာဆီယံ နိုင်ငံတွေဖြစ်တဲ့ ဗီယမ်နမ်နိုင်ငံက ထွက်ရှိတဲ့ ရော်ကောင်း ဈေးကွက်ကို ပြည်တွင်း ရော်ကောင်းက မယှဉ်ပြိုင်နိုင်တာကြောင့် ဈေးကောင်းမရရှိတာလို့ ရော်ကောင်း ကုန်သည်တဦးက ပြောပါတယ်။ ရေးမြို့နယ်က ထွက်ရှိလာတဲ့ ရော်ကောင်း တွေကို ရန်ကုန်ဈေးကွက်အထိ တင်ပို့ပြီး အဲဒီကနေတဆင့် ပြည်ပနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေကို အဓိက တင်ပို့တယ်လို့ သိရပါသည်။

Source: http://burmese.dvb.no/archives/367309

# နိုင်ငံတကာဈေးကွက်

## ၂၀၂၀ နှစ်သစ်အစ အာရှဆန်ဈေးကွက် အခြေအနေ

၂၀၂၀ နှစ်သစ်အစ အာရှဆန်ဈေးကွက်တွင် အိန္ဒိယဆန်ဈေး မြင့်လာပြီး ထိုင်းနှင့် ဗီယက်နမ်ဆန်ဈေးများမှာ ယခင်အတိုင်း မပြောင်းလဲသေးဘဲ ဆက်လက် တည်ငြိမ်နေကြောင်း တွေ့ရသည်။ နှစ်သစ်ကူး ပိတ်ရက်များကြောင့် အရောင်းအဝယ်များ အေးနေသော်လည်း အိန္ဒိယနိုင်ငံသုံး ရူပီးငွေကြေးတန်ဖိုး မြင့်လာခြင်းနှင့် ပြည်တွင်းစပါးဈေး ကောင်းနေခြင်းတို့ကြောင့် ပို့ကုန်ဆန်ဈေး မြင့်တက်လာခြင်း ဖြစ်သည်။ နှစ်သစ်အစ ပထမသီတင်းပတ်က အိန္ဒိယ ၅ မှတ် ဆန်ဈေးနှုန်းသည် တစ်တန်လျှင် ၃၆၂-၃၆၆ ဒေါ်လာ ရှိခဲ့ပြီး ၂၀၁၉ နောက်ဆုံးအပတ် ပေါက်ဈေး ၃၆၀-၃၆၅ ဒေါ်လာထက် အနည်းငယ် မြင့်လာသည်။

အိန္ဒိယအစိုးရသည် လက်ရှိ ၂၀၁၉-၂၀ ရာသီထွက် စပါးအတွက် အခြေခံဝယ်ဈေးကို ယခင်နှစ်ရာသီထက် ၃ ရာခိုင်နှုန်းကျော် တိုးမြှင့်ပြီး ၁၀၀ ကီလိုဂရမ်လျှင် ၁၈၁၅ ရူပီးအဖြစ် သတ်မှတ်ပေးထားသည်။ အိန္ဒိယတွင် ပို့ကုန်ဆန်ဈေး အနည်းငယ်မြင့်လာသော်လည်း ဗီယက်နမ်တွင်မူ နှစ်သစ်ကူးပိတ်ရက်များကြောင့် ဆန်အရောင်းအဝယ် ပါးပြီး ၅ မှတ်ဆန်ဈေးနှုန်းမှာ ၃၆၀ ဒေါ်လာ၌သာ တည်ငြိမ်နေခဲ့သည်။ ထိုင်းနိုင်ငံ၌လည်း နှစ်သစ်ကာလ အားလပ်ရက်များ ရှိနေ၍ ဆန်အရောင်းအဝယ်များ ပိတ်ထားကြောင်း သိရသည်။

အခြားအာရှဒေသ ဆန်သတင်းများတွင် ဆန်ဝယ်လက်ဖြစ်ဖူးသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အအေးလှိုင်းဖြတ်၍ စပါးခင်းများ ပျက်စီးနိုင်ခြေရှိသော သတင်းကိုတွေ့ရသည်။ ဆောင်းနှင်းမြူများ ထူထဲစွာ ကျရောက်မှုကြောင့် စပါးခင်းပေါ်နေရောင်မကျနိုင်ဘဲ သီးနှံထိခိုက်မည့် အခြေအနေရှိသည်ဟု အဆိုပါသတင်းတွင်ဖော်ပြသည်။ ထိပ်တန်း ဆန်တင်ပို့သူဖြစ်သော ထိုင်းနိုင်ငံတွင် ဘတ်ငွေတန်ဖိုး မြင့်မားနေခြင်း၊ သဘာဝဘေးအန္တရာယ်များ ဆက်တိုက် ကြုံနေရခြင်းနှင့် မြန်မာနှင့် တရုတ်ကဲ့သို့သော ဆန်ရောင်းလက်နိုင်ငံအသစ်များ၏ ယှဉ်ပြိုင်မှုနှင့်ရင်ဆိုင်နေရခြင်းတို့ကြောင့် ၂၀၁၉ အတွင်း ပြည်ပသို့ ဆန်တန်ချိန် ၈ သန်းအောက်သာ တင်ပို့နိုင်တော့မည်ဟု ဘန်ကောက်ပို့စ် သတင်းတစ်ပုဒ်တွင် ရေးသားထားသည်။

၂၀၁၉၊ ဇန်နဝါရီမှ နိုဝင်ဘာအထိ ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၇ ဒသမ ၁၁ သန်းသာ တင်ပို့နိုင်ခဲ့ရာ ၂၀၁၈ အလားတူကာလချင်း ယှဉ်ပါက ဆန်တင်ပို့သည့် ပမာဏမှာ ၃၀ ရာခိုင်နှုန်း ကျော်အထိ ကျဆင်းသွားခဲ့သည်။ ၂၀၁၉ အတွင်း ဆန်တန်ချိန် ၉ သန်း တင်ပို့နိုင်ရေးမှာ ကျိန်းသေပေါက် မဖြစ်နိုင်တော့သလို တန်ချိန် ၈ သန်းအောက်အထိပင် ကျဆင်းနိုင်ခြေလည်းရှိနေသည်ဟု ထိုင်းဆန်တင်ပို့သူများက ခန့်မှန်းကြသည်။ အထူးသဖြင့် အမေရိကန်ဒေါ်လာနှင့် ယှဉ်သော ထိုင်းဘတ်ငွေတန်ဖိုး မြင့်တက်လာခြင်းကြောင့် အခြားသော ဆန်ပို့ကုန်နိုင်ငံများနှင့် ယှဉ်ရာတွင် ထိုင်းဆန်က ဈေးပိုကြီးပြီး နောက်ကောက်ကျခဲ့ရကြောင်း သုံးသပ်ကြသည်။ Ref: CNBC, Bangkok Post

Source: https://www.facebook.com/gromaxxmyanmar/posts/457317278294915?__tn__=K-R

## ဘင်္ဂလားဒေ့ရှ် ကြက်သွန် အကျပ်အတည်းကို တောင်သူတစ်ဦးက ဆန်းသစ်တီထွင်ဖြေရှင်းခဲ့

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကြက်သွန်ဈေးများ တစ်ကီလိုလျှင် တာကာငွေ ၂၅၀ အထိ ခေါင်ခိုက်မြင့်တက်ခဲ့ချိန်တွင် တန်ကျူလီယာခရိုင်ခွဲမှ တောင်သူတစ်ဦးက ဆန်းသစ်တီထွင်သော စိတ်ကူးတစ်ခုရရှိလာခဲ့သည်။ ထိုစိတ်ကူးမှာ ပလတ်စတစ်ဘူးခွံများအတွင်း ကြက်သွန်ကို စိုက်ပျိုးပြီး တစ်နှစ်ပတ်လုံး ကြက်သွန် ထုတ်လုပ် နိုင်မည့်နည်း ဖြစ်သည်။ "ပထမကတော့ ဘူးခွံတစ်လုံးထဲမှာအစမ်းအနေနဲ့ စစိုက်ကြည့်ခဲ့တယ်။ အကုန်အကျ သိပ်မများဘဲနဲ့ မကြာခင်မှာပဲ အထွက်ကောင်းကို ရရှိခဲ့ပါတယ်။ အဲဒီနောက်တော့ ကျွန်တော့်အိမ်မှာ နောက်ထပ် ဘူးခွံတွေနဲ့ ကြက်သွန်တစ်နှစ်ပတ်လုံးစိုက်ပျိုးဖို့ ဆုံးဖြတ် ဖြစ်ခဲ့တာပါ" ဟု အဆိုပါခရိုင်ခွဲအတွင်းရှိ ဒန်ဂါပါရာရွာမှ တောင်သူ Ataur Rahman က ပြောပြသည်။ Ataur သည် ဘူးခွံ ၁၀ လုံးမှ ၁၅ လုံး အတွင်း ကြက်သွန်စိုက်ပျိုးရန် လိုအပ်သည့် ပြင်ဆင်စရာများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုစိုက်ပျိုးနည်းမှာ အလွန်ရိုးရှင်းပြီး အကုန်အကျလည်း နည်းပါးကြောင်း ရှင်းပြခဲ့သည်။ ပထမဆုံးဘူးခွံ၏ လည်တိုင်ကိုဖြတ်ပြီး ဘေးဘက်ပတ်ချာလည်တွင် အပေါက်များ ဖောက်ရကြောင်း၊ပြီးလျှင် ကြက်သွန်ဥများ စိုက်ပျိုးသည့်အခါ အပြင်သို့ သပ်သပ်ရပ်ရပ် ကြီးထွားလာစေရန် အစို့အညှောက်ကို အပေါက်ဘက်သို့လှည့်၍ထားရကြောင်း ၎င်းက ရှင်းပြသည်။

ဘူးခွံအတွင်းသို့ မြေကြီးနှင့် ကြက်သွန်ဥများကို ပုလင်းပြည့်သည်အထိ တစ်လွှာချင်းစီ ဖြည့်သွားပြီး ပြီးသည့်အခါ ရေလောင်း၍ အလင်းရောင်အနည်းငယ်ပေးရကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။ တစ်ပတ် မပြည့်တပြည့် ရောက်သည့်အခါ အပေါက်များမှတစ်ဆင့် အစိမ်းရောင်အရွက်များထွက်လာပြီး သုံးလကြာသည့် အခါ ဘူးအတွင်းမှ ကြက်သွန်ဥကြီးများကို ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။ နှစ်လီတာခွဲဝင်ဆံ့သည့် ပလတ်စတစ်ဘူးခွံအတွင်း၌ ကြက်သွန် အနည်းဆုံး အချိန်ကီလိုဝက်ခန့် စိုက်ပျိုးနိုင်ပြီး တစ်ဘူးလျှင်ကြက်သွန်ဥ ၅၀ အများဆုံး စိုက်ပျိုးသင့် ကြောင်း Ataur ကပြောသည်။ ဘူးခွံတစ်ခုအတွင်း စိုက်ပျိုးထားသည့် ကြက်သွန်ကီလိုဝက်သည် ရိတ်သိမ်းချိန်ရောက်သည့်အခါ အထွက်နှုန်း ငါးကီလိုအထိ ပေးစွမ်းနိုင်ကြောင်း ၎င်းကပြောသည်။ တစ်နှစ်ပတ်လုံး စိုက်ပျိုးပါက ဘူးခွံ တစ်ခုတည်းမှ ကြက်သွန်အထွက် ၁၅ ကီလိုကျော်အထိ ရရှိနိုင်ကြောင်း Ataur က ပြောသည်။ "ဒီနည်းကိုသုံးပြီးတော့ အိမ်ခေါင်မိုးပေါ်မှာဖြစ်ဖြစ်၊ အိမ်ထဲမှာဖြစ်ဖြစ် ကြက်သွန်စိုက်ပျိုးနိုင်ပါတယ်။ ဒါ့အပြင် ဘူးတွေကို ဘယ်နေရာကိုမဆို ပေါ့ပေါ့ပါးပါး သယ်ယူရွှေ့ပြောင်းနိုင်ပါတယ်"ဟု ၎င်းက ပြော သည်။



ယခုနည်းလမ်းတွင် ကြက်သွန်များသည် ကြီးထွားမှုပုံမှန်ထက်ပိုမြန်ပြီး ထူးခြားသည်မှာ ကြက်သွန်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ခြင်းဖြစ်ကြောင်း Ataur က ပြောသည်။ ဘူးလွတ်တွင် စိုက်ပျိုးသည့်နည်းကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုပါက ဘင်္ဂလားဒေ့ရှ်တွင် ကြုံတွေ့နေရသော ကြက်သွန်အကျပ်အတည်းကို ဖြေရှင်း နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းကပြောသည်။ တန်ကျူလီယာခရိုင်ခွဲမှ စိုက်ပျိုးရေး အရာရှိဖြစ်သူ Md JahangirAlam က ကြက်သွန်ကို ဝရန်တာတွင်ဖြစ်စေ၊ ခြံအတွင်း၌ဖြစ်စေ ဘူးခွံများအတွင်း သွတ်သွင်း၍ စိုက်ပျိုးနိုင်ကြောင်း ပြောသည်။ ကြက်သွန်ကို အသုံးမလိုတော့သည့် ဘူးခွံများအတွင်း စရိတ်စက သက်သာစွာ စိုက်ပျိုးနိုင်မည်ဖြစ်၍ အခြားတောင်သူများလည်းအဆိုပါ ဆန်းသစ်တီထွင်သည့် နည်းလမ်းကိုအားကျ၍ လိုက်ပါ ဆောင်ရွက်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောခဲ့သည်။

Source: http://www.htwettoe.com/article-details/news/8611470

# ပြည်တွင်းကုန်သွယ်မှုသတင်း

## မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအပိုင်း၌ အထည်ချုပ်ကဏ္ဍသည် ယခင်နှစ်များထက် ရာခိုင်နှုန်း ၆၀ အထိ တိုးတက် လာဟု သိရ

မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအပိုင်း၌ အထည်ချုပ်ကဏ္ဍသည် ယခင်နှစ်များထက် ရာခိုင်နှုန်း ၆၀ အထိ တိုးတက်လာခဲ့ကြောင်း ကမ္ဘာ့ဘဏ်၏ " မြန်မာ့စီးပွားရေး လေ့လာမှုအစီရင်ခံစာ အနှစ်ချုပ်" မိတ်ဆက်ပွဲ အခမ်းအနားမှ သိရသည်။ "ကုန်ထုတ်လုပ်မှုပိုင်းမှာ ကြည့်မယ်ဆိုရင် အထည်ချုပ်ပိုင်းကတော့ တော်တော်လေးကို မြင့်တယ်။ ရာခိုင်နှုန်း ၆၀ လောက် တိုးတက်လာတယ်ဆိုတာ တွေ့ရတယ်။ နှစ် အလိုက်ပေါ့။ ပြီးခဲ့တဲ့နှစ်က ၅၅ ရာခိုင်နှုန်း အခုဆိုရင် ၆၀ ရာခိုင်နှုန်းအထိ တော်တော်လေးကို အထည်ချုပ်ပိုင်းက တိုးတက်လာတာကို တွေ့ရတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ဌာနေ ကိုယ်စားလှယ် (ယာယီ) ဖြစ်သူ Gevorg Sargsyan က ပြောကြားသည်။ လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ပြည်ပသို့ အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုမှ ဒေါ်လာသန်း ၈၅၀ ကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၈၀ ကျော် ပိုမို ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြား

သည်။ "ဒီဘဏ္ဍာနှစ် ဒီဇင်ဘာ ၆ ရက်အထိ ဒေါ်လာ ၈၅၄ သန်း ရှိတယ်။ ကာလတူက ၇၇၁ သန်းပဲ ရှိတယ်" ဟု ဦးခင်မောင်လွင်က ပြောကြားသည်။ ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ နှစ်လကျော်တွင် ပြည်ပသို့ အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၈၃ သန်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP စနစ်ဖြင့် လုပ်ဆောင်နေခြင်းဖြစ်ပြီး ပြည်တွင်း CMP လုပ်ငန်းများ၌ အထည်ချုပ်လုပ်ငန်းသည် အများဆုံးဖြစ်သည်။ လက်ရှိအချိန်တွင်လည်း CMP ပို့ကုန်များမှာ နှစ်စဉ်တိုးတက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ "ပုံမှန်ကလည်း CMP လုပ်ငန်းတွေက တောက်လျှောက်တိုးတက်နေတယ်။ နှစ်စဉ် နှစ်စဉ် တိုးတက်နေတဲ့ အခြေအနေမှာရှိတယ်" ဟု ဦးခင်မောင်လွင်က ဆိုသည်။ ၂၀၁၈ ခုနှစ်က အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုးဒေါ်လာ ၄ ဒသမ ၆ ဘီလျံနီးပါး ရရှိခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၀ ဘီလျံရရှိရန် မျှော်မှန်းထားကြောင်း၊ ၂၀၁၉ ခုနှစ် မေ ၁၁ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပသည့် မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များ အသင်း၏ ပဉ္စမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး၌ အသင်းအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားသည်။

လက်ရှိတွင် မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်းတွင် အသင်းဝင် ၅၀၀ ကျော်ပြီး အလုပ်သမားခန့်ထားမှုမှာလည်း ငါးသိန်းကျော်ရှိကြောင်း သိရသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် လက်ခစားစနစ်ဖြင့် ချုပ်လုပ်ခြင်းဖြစ်သဖြင့် ချုပ်ခအနေဖြင့် ၁၀ ရာခိုင်နှုန်းခန့်သာ ရရှိကြောင်း သိရသည်။ အီးယူက မြန်မာနိုင်ငံကို ပေးထားသည့် GSP အခွင့်အရေး ပြန်လည်ရုပ်သိမ်းရန် ပြင်ဆင်နေခြင်းကြောင့် GSP ခံစားခွင့်ရရှိထားသည့် မြန်မာ့ပို့ကုန်များ ဈေးကွက်အသစ်ထိုးဖောက်နိုင်ရေး ကြိုတင်ပြင်ထားရန် အကြံပြု ထားကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားသည်။ (၃၁) ကြိမ်မြောက် ဒုတိယသမ္မတ (၁) ဦးဆောင်သော ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များ၏ လစဉ် ပုံမှန်အစည်းအဝေးတွင် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ယခုကဲ့သို့ တင်ပြခဲ့ခြင်းဖြစ်သည်။ Source: https://news-eleven.com/article/155049

## မြန်မာနိုင်ငံ၏ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် အထည်အလိပ်မူဝါဒ National Textile Policy ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ၏အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမျိုးသားအဆင့် အထည်အလိပ်မူဝါဒ National Textile Policy ပြဋ္ဌာန်းနိုင်ရေး ရေးဆွဲလျက်ရှိကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ၏ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိတ်ဖက်အဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ အမျိုးသားအဆင့် အထည်အလိပ်မူဝါဒ National Textile Policy ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ရေးဆွဲခဲ့ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အထည်အလိပ်ကဏ္ဍမှ လုပ်ငန်းရှင်များပါဝင်သော ပထမအကြိမ် Stakeholder Meeting ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပခဲ့သည်။

အမျိုးသားအဆင့်အထည်အလိပ်မူဝါဒ ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းကြောင့်အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက်များ၊ လမ်းပြမြေပုံများအား ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ရေးဆွဲနိုင်ခြင်း၊ လိုအပ်သောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များအား ဆက်လက်ရေးဆွဲ အကောင်အထည်ဖော်နိုင်ခြင်း၊ အထည်အလိပ်ထုတ်လုပ်မှု ကွင်းဆက်အတွင်း အစမှအဆုံးအထိ ချိတ်ဆက်ဆောင်ရွက်ရန်အတွက် ထောက်ပံ့ပေးနိုင်မည်ဖြစ်ခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအတွက် အားပေးသည့်စီးပွားရေးဝန်းကျင်ကို ထူထောင်နိုင်မည်ဖြစ်ခြင်း၊ ရိုးရာအိမ်တွင်းမှု အထည်အလိပ် လုပ်ငန်းများ ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး နိုင်ငံတော်၏ တစ်ဦးချင်း ကုန်ထုတ်လုပ်မှုတန်ဖိုးမြင့်မားလာစေခြင်း၊ လူမှုစီးပွားဘဝ တိုးတက်လာစေခြင်း၊ နည်းပညာအသစ် များရရှိပြီး နိုင်ငံတကာဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း၊ ပြည်ပနှင့်ကုန်သွယ်မှုလွယ်ကူစေခြင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအား အရှိန်အဟုန်မြင့်တင် ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး



ဌာနမှ သိရသည်။

မြန်မာနိုင်ငံ၏ အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာမှ ဖွံ့ဖြိုးမှု မိတ်ဖက်များ ဖိတ်ခေါ် ဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန်၊ လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းအထည်အလိပ် ထုတ်လုပ်မှု တိုးတက်ရန်နှင့် ပြည်ပပို့ကုန်မြှင့်တင်ပြီး သွင်းကုန်လျှော့ချနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အမျိုးသားအဆင့် အထည်အလိပ်မူဝါဒ ပြဋ္ဌာန်းနိုင်ရေးသက် ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်ရယူ၍ ဂျာမနီ နိုင်ငံ GIZ အကူအညီဖြင့် အပြီးသတ် ရေးဆွဲလျက်ရှိသည်။

မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာ National Export Strategy NES ကို လုပ်ငန်းကဏ္ဍ အသီးသီးအတွက် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အထည်အလိပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသား အဆင့် အထည်အလိပ်မူဝါဒကိုရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာအရ မြန်မာနိုင်ငံ၏အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် CMP စနစ်ဖြင့် ဆောင်ရွက်နေသော အထည်ချုပ်လုပ်ငန်းများအား FOB စနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရေး၊ Bonded Warehouse စနစ် အကောင်အထည် ဖော်ရေး၊ ပို့ကုန်မြှင့်တင်ရန် အထောက်အကူပြုနိုင်ရေးစသည်တို့အတွက် လိုအပ်သောအထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ အထူးပြုစက်မှုဇုန် Specialization Textile and Garment Zone များကို တည်ထောင်သွားရမည်ဖြစ်ကြောင်းသိရသည်။

Source: https://news-eleven.com/article/154351

## ဒိန်းမတ်နိုင်ငံ၏ ပံ့ပိုးမှုဖြင့် ရခိုင်ပြည်နယ်တွင် ဖန်လုံအိမ်နည်းပညာဖြင့် ငါးခြောက်လုပ်ငန်း ပြုလုပ်

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်၊ ပြင်ဖြူမော်ကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဖန်လုံအိမ် နည်းပညာဖြင့် ငါးခြောက်လုပ်ငန်းများကို စမ်းသပ်ဆောင်ရွက်နေပြီဖြစ်သလို အသုံးတည့်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးက ထုတ်ပြန်ထားပါတယ်။ ငါးခြောက်လုန်းလုပ်ငန်းများ ပြုလုပ်ရာတွင် ယခင်က ငါးများကို လေဟာပြင်ထဲမှာထားပြီး နေရောင်ခံ ခြင်းဖြင့် ပြုလုပ်ခဲ့ကြပေမယ့်လည်း ယခုအခါ ဖန်လုံအိမ်နည်းပညာဖြင့် ငါးခြောက်လှမ်းရန် စမ်းသပ်ဆောင်ရွက် နေခြင်းဖြစ် ပါတယ်။ နေရောင်ခြည်စွမ်းအင်သုံး ငါးခြောက်လှမ်းစင်နှင့် အခြောက်ခံအိမ်ထဲတွင် ငါးများကို လှမ်းခြင်းအားဖြင့် ဖုန်နှင့် ပိုးမွှား များ မဝင်အောင် တားဆီးနိုင်သကဲ့သို့ ငါးခြောက်၏ အရည်အသွေးကိုလည်း တိုးတက်ကောင်းမွန်စေတယ် လို့ဆိုပါသည်။ ထို့အတူ ငါးခြောက်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ပိုးမွှားများကိုနှင်ထုတ်ရန် အစားအစာသုံး ပိုးသတ် ဆေးများကိုလည်း သုံးစရာမလိုတော့ကြောင်း သိရပါသည်။



အဆိုပါစီမံချက်ကို ဒိန်းမတ်နိုင်ငံ၏ ရေရှည်တည်တံ့သည့် ကမ်းရိုးတမ်း ရေလုပ်ငန်းအစီအစဉ်မှ ပံ့ပိုးပေးထားခြင်း ဖြစ်တယ်လို့ ဒိန်းမတ်သံရုံး၏ ထုတ်ပြန်ထားမှုအရ သိရပါသည်။

Source: SME Development Department

# ပြည်ပကုန်သွယ်မှုသတင်း

## လက်ရှိဘဏ္ဍာနှစ် နှစ်လအတွင်း တရုတ်သို့ ပိုးချည်အိမ် တန်ချိန် ၉၀ ကျော် တင်ပို့ထား

လက်ရှိဘဏ္ဍာနှစ် (အောက်တိုဘာ၊ နိုဝင်ဘာ)နှစ်လအတွင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်က တရုတ်သို့ ပိုးချည် ထုတ်လုပ်သည့် ပိုးအိမ် တန်ချိန် ၉၀ ကျော်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၃၀၀၀၀ ကျော်ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။ " တစ်ဖက်နိုင်ငံက ယူနန်ပြည်နယ်၊ တယ်ဟုန်ပြည်နယ်ခွဲမှာ ပိုးချည်စက်ရုံ တွေက တစ်တန်ကို ကန်ဒေါ်လာ ၃၅၀၀ ကျော်လောက် ဈေးကောင်းပေးဝယ်လာတယ်" ဟု စီးပွားရေးကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။ ပိုးစာပင်ထုတ်လုပ်ရေးကဏ္ဍဖွံ့ဖြိုးစေရန် ပြည်တွင်း ကုမ္ပဏီတစ်ခုက ရှမ်းပြည် နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် ဧက ၁၁၀ ကျော်နှင့် ကျောက်မဲ၊ သီပေါ၊ လားရှိုးတွင် ဧက ၂၀ စီ ကို ဒေသခံတောင်သူများနှင့် အကျိုးတူဆောင်ရွက်နေကြောင်း  သိရသည်။ ကောင်းထက် ဆေးဖက် ဝင် စားသောက်ကုန်နှင့် လူသုံးကုန် ထုတ်လုပ် ရေးလုပ်ငန်းပိုင်ရှင် ဦးသာထက်စိုးက "နိုင်ငံအတွင်းမှာ ပိုးချည်ထုတ်လုပ်တဲ့စက်ရုံက တစ်ရုံ၊ နှစ်ရုံလောက်ပဲရှိတာ၊ ဒါက ပိုးမွေးသူက ပိုးအိမ်ကတ် လိုက် ရောင်းကြရတယ်။ ပိုးအိမ်တစ်ပေါင်ကို ကျပ် ၈၀၀၀ လောက်ရတယ်။ အခုအစိုးရက မဲခေါင်-လျန်ချန်း



အစီအစဉ်ထဲကနေ ပိုးစာပင်ကဏ္ဍတိုးတက်လာဖို့ ပံ့ပိုးပေးလာတဲ့အပိုင်းတွေရှိတယ်။ တစ်ပိုင်တစ်နိုင်အဆင့်ကနေ စီးပွားဖြစ်အဆင့်ကို ရောက်လာဖို့ အခွင့်အလမ်းတွေဖန်တီးပေးဖို့ လိုအပ်နေတယ်”ဟု ပြောသည်။

ပိုးစာတစ်ဧက စိုက်ပျိုးမည်ဆိုလျှင် စတင်စိုက်သည့် ပထမနှစ်တွင် စိုက်ပျိုးစရိတ် ငွေကျပ် ၈၅၀၀၀၀၊ ဒုတိယနှစ်တွင် ပြုပြင်ထိန်းသိမ်းစရိတ်နှင့် ပိုးဥကတ် မွေးမြူစရိတ် စုစုပေါင်း ကုန်ကျငွေ ကျပ် ၉၀၀၀၀၀ ကျော် ကုန်ကျကြောင်း၊ ထိုနှစ်တွင် ပိုးကတ်များက ပိုးအိမ် ပေါင် ၆၀၀ ကို ထုတ်လုပ်နိုင်ပါက တစ်ပေါင်လျှင် ကျပ် ၂၂၀၀ ခန့်ရရှိနိုင်၍ ကျပ် ၁၃၂၀၀၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။ မူဆယ်ဇုန်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ပိုးအိမ်တန်ချိန် ၁၅၀ ကျော်၊ ကန်ဒေါ်လာ ၅၀၀၀၀၀ ကျော်၊ ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်တွင် ၂၄ တန်၊ ကန်ဒေါ်လာ ၈၀၀၀၀ ကျော်ရရှိခဲ့သည်။ ပိုးစာပင်ကို ရှမ်းပြည်နယ် မြောက်ပိုင်း တစ်ခုတည်း၌ပင် ဧက ၇၀၀၀ ကျော်ရှိကြောင်း၊ အဓိကစိုက်ပျိုးသည့် ဒေသများမှာ  ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် မျိုးပိုးဥထုတ်ခြံတစ်ခြံ၊ ကချင်၊ ကယား၊ ချင်း၊ ရှမ်းပြည်နယ်တို့တွင် ပိုးစာခြံ ၁၉ ခြံ၊ ချင်ပြည်နယ်၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်တို့တွင် ပိုးချည်ထုတ်လုပ်သည့် စက်ရုံ နှစ်ရုံရှိကြောင်းသိရသည်။

Source: https://www.thefarmermedia.com/news/14501

## စွမ်းအင်နှင့် စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် ချက်သမ္မတနိုင်ငံက ရင်းနှီးမြှုပ်နှံလို

စွမ်းအင်ကဏ္ဍနှင့် စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ရန် ချက်သမ္မတနိုင်ငံက လိုလားကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူအချို့ ကပြောသည်။ ၂၀၁၉ ဇွန်လအတွင်း ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့သို့ သွားရောက်ခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ရန် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံအခြေစိုက် ချက်သမ္မတနိုင်ငံမှ သံအမတ်ကြီးက ကုန်သည် စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို ဇန်နဝါရီ ၁၆ ရက်တွင် လာရောက်တွေ့ဆုံပြီး စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန်၊ စားသောက်ကုန်ကဏ္ဍတွင် ထုတ်ကုန်တိုးမြှင့်ရေး ဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှု အထောက်အပံ့ပေးရန်နှင့် ဘူမိဗေဒစစ်တမ်းများ ဆောင်ရွက်ရန်တို့ကို ချက်သမ္မတနိုင်ငံမှ သံအမတ်ကြီးက ပြောကြားကြောင်း ကုန်သည်စက်မှုအသင်းချုပ်က သတင်းထုတ်ပြန်သည်။ သံအမတ်ကြီးနှင့် အသေးစိတ် တွေ့ဆုံဆွေးနွေးမှုအခြေအနေကို ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းသို့ ဆက်သွယ်မေးမြန်းရာ “ဆွေးနွေးထားတာတွေရှိပါတယ်။ ကျွန်တော်က လတ်တလော ကျန်းမာရေးကြောင့် အသေးစိတ်မပြောနိုင်သေးပါဘူး” ဟု ပြန်လည်ဖြေကြားသည်။ ကုန်သည်စက်မှုအသင်းချုပ်၏ သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်သည်စက်မှုအသင်းများသို့သွားရောက်၍ စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန် သံအမတ်ကြီးက တွေ့ဆုံဆွေးနွေးလိုသည် ဟုဖော်ပြထားသည်။ သို့သော် ၂၀၁၈ – ၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု၌ မြန်မာနှင့် ချက်သည် ကန်ဒေါ်လာ ၂၅ သန်း ကျော် ကုန်သွယ်ထားသည်။ မြန်မာနိုင်ငံမှ ဒေါ်လာ ၁၇ သန်းကျော်တင်ပို့ထားပြီး ချက်သမ္မတနိုင်ငံမှ ဒေါ်လာ ခုနစ် သန်းကျော် တင်သွင်းထားကြောင်း စာရင်းတွင် ဖော်ပြထားသည်။

Source: https://7day.news/176345

## တရုတ်က ဆီးစေ့အဆန်များ မဝယ်ယူသေးခြင်းကြောင့် ဆီးသီးလုပ်ငန်းရှင်များ အခက်တွေ့

ဆီးသီးအစေ့အတွင်းကရသည့် ဆီးစေ့အဆန်များကို တရုတ်နိုင်ငံက နှစ်စဉ် ဇန်နဝါလဆန်းခန့်တွင် ဝယ်ယူလေ့ရှိသော်လည်း ယခုနှစ်တွင် လက်ရှိအချိန်အထိ မဝယ်ယူသေးခြင်းကြောင့် အခက်တွေ့နေရကြောင်း မကွေးမြို့နယ်ရှိ ဆီးသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များက ပြောသည်။ “ ကျွန်တော်ကတော့ ဆီးသီးအစိုရော၊ အခြောက်ရောဝယ်တယ်။ ဆီးသီးကို အခြောက်လှန်းကြိတ်ခွဲပြီး အစေ့ဆန်ကို ပြည်ပတင်ပို့ရောင်းချဖို့ မူဆယ် လမ်းပန်းအခက်အခဲကြောင့် မန္တလေးကို တင်ပို့ ရောင်းချတယ်။ ပြည်ပတင်ပို့ဖို့က မူဆယ်လမ်းပန်းအခက်အခဲရှိတာရယ်၊ တရုတ်ဝယ်လက်ကလည်း မရှိသေးတော့ ရင်းနှီးမြှုပ်နှံမှုမှာ လုပ်ငန်းရှင်တွေအခက်အခဲဖြစ်ကြတယ်”ဟု မကွေးမြို့နယ်၊ ကန်ပြားကျေးရွာကဆီးသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးထွန်းဝင်းကပြောသည်။ ဆီးသီးအရောင်းအဝယ်လုပ်ငန်းရှင်များက ဆီးသီးအစိုကို ဝယ်ယူအခြောက်လှန်း၍ အစေ့ထုတ်သည့် အပြင်

ဆိတ်ခြံများတွင် ဆီးများစားပြီးကျန်သည့် ဆီးစေ့များကို ဝယ်ယူပြီးလည်း အဆန်ထုတ်ကာ ရောင်းချခြင်း ဖြစ်သည်။ ဆီးစေ့အခွံခွဲခြမ်းများကို ပြည်တွင်းက အုတ်ဖုတ်လုပ်ငန်းရှင်များသို့ ရောင်းချကြရသည်။ ဆီးစေ့ အဆန်ကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရပြီး ဆီးသီးကြိတ်ခွဲပြီး အမှုန့်များကို လယ်ယာများတွင် သဘာဝ မြေဩဇာအဖြစ် အသုံးပြုကြကြောင်း သိရသည်။ မကွေးမြို့နယ် ဒဟတ်ကန်ကျေးရွာက တောင်သူတစ်ဦးက "ရာသီဥတုအခြေအနေကြောင့်ရယ်၊ နောက်ပိုင်း မိုးခေါင်တာနဲ့ ဆီးသီးကအရနည်းတယ်။ ဒါပေမယ် ဆီးသီးဈေးက အရင်နှစ်ကထက်ရတော့ ဆီးသီးကောက်ရောင်းရတာ တစ်ဖက်တစ်လမ်းက မိသားစုဝင်ငွေရသေးတာပေ့ါ"ဟုပြောသည်။ ချောက်၊ ငွေးချိုနှင့်စလေမြို့တို့တွင် ဆီးသီးအချိုများကို ခြံ၊ ဥယျာဉ်တို့ဖြင့် စိုက်ပျိုးကြသော်လည်း မကွေးမြို့နယ်အတွင်း၌ ဆီးပင်များမှာ လယ်ယာခင်းများဘေးတွင် အလေ့ကျပေါက်ပြီး အချို့ တောင်သူ လယ်သမားများနှင့် အခြေခံလုပ်သားများမှာ လယ်ယာလုပ်ငန်း အလုပ်ရှားပါးချိန်များ၌ နေ့စဉ်ဝင်ငွေရရှိရန် ဆီးသီးကောက်ယူရောင်းချကြကြောင်း သိရသည်။ ဦးထွန်းဝင်းက "မနှစ်ကထက်စာရင် ဒီနှစ်က အဝင်နည်းတယ်။ ဒီနှစ်က မိုးခေါင်တာလည်း ရှိခဲ့တော့ တချို့အရပ် တွေမှာ ပုံမှန်သီးပြီး တချို့အရပ်ဒေသတွေ အသီးနည်းတာလည်းပါမယ်ပေ့ါဗျာ။ မကွေးမြို့နယ်အတွင်း နေရာအစုံက လာရောင်း ကြတယ်"ဟု ပြောသည်။

ဆီးသီးရာသီပေါ်ချိန်မှာ နှစ်စဉ်ဇန်နဝါရီလကစတင်၍ ဧပြီလအထိ အရောင်းအဝယ်ဖြစ်ပြီး ဆီးသီးအစိုတစ်တင်းလျှင် ကျပ် ၂၆၀၀ မှ ၂၈၀၀ ၊ အခြောက်တစ်တင်းလျှင် ကျပ် ၃၆၀၀၊ ဆိတ်ခြံများကရသော ဆီးစေ့တစ်တင်းကို ကျပ် ၁၂၀၀၀ ဖြင့် ဝယ်ယူကြကြောင်း ဆီးသီးအရောင်းအဝယ် ပွဲရုံများထံမှ သိရသည်။ လက်လီအနေဖြင့် ဆီချိုသီးတစ်ပြည်လျှင် ကျပ် ၅၀၀ ဖြင့် ရောင်းချရကြောင်း သိရသည်။ Source: https://www.thefarmermedia.com/news/14541

## ချဉ်ပေါင်ဖာလာကို ပြည်ပဈေးကွက်သစ်ရရှိရေး ပံ့ပိုးသွားမည်

ကရင်ပြည်နယ်သံတောင်ကြီးဒေသထွက် ချဉ်ပေါင်ဖာလာကို ပြည်ပဈေးကွက်ရရှိရေးအတွက် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။"ကရင်ပြည်နယ်သံတောင်ကြီးက ချဉ်ပေါင်ဖာလာအစိုက်များတယ်။ ကျယ်ကျယ်ပြန့်ပြန့်စိုက်တာများတော့ ဈေးကောင်းရရှိဖို့လည်းလိုတယ်။ ပြည်ပကိုပိုမိုပို့နိုင်အောင် စီးပွားရေးသံမှူးတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးမှာဖြစ်တယ်" ဟု အဆိုပါဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသူကပြောသည်။

လက်ရှိ တရုတ်ဈေးကွက်အပြင် အခြားဈေးကွက်ရှိနိုင်ငံများနှင့် ချိတ်ဆက်နိုင်ရေး ကြိုးပမ်းသွား မည်ဖြစ်ကြောင်း၊ ဖာလာကို အခြောက်ခံစက်ဖြင့် အခြောက်ခံတင်ပို့ခြင်းကို နိုင်ငံအများစုက ကြိုက်နှစ်သက်ခြင်းကြောင့် ဈေးကွက်ရှာဖွေရန်လိုအပ်နေသည်။ မြန်မာ့ချဉ်ပေါင်ဖာလာကို တရုတ်၊ အိန္ဒိယ၊ ကိုရီးယားသို့ ဈေးကွက်လိုအပ်ချက်အရ တင်ပို့နေသော်လည်း အရည်အသွေးပိုင်းအားနည်းလာမှုကြောင့် အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်ရန် ခက်ခဲလျက်ရှိသည်။

မြန်မာ့ချဉ်ပေါင်ဖာလာသည် လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ထက် အရည်အသွေးပိုင်း အားနည်းခြင်း ကြောင့် ပြည်ပသို့ တင်ပို့မှုနှင့် ဈေးနှုန်းရရှိမှုလျော့နည်းနေကြောင်း ကရင်ပြည်နယ်ရှိ ချဉ်ပေါင်ဖာလာကုန်သည် ဦးအာန်အောင်းက ပြောသည်။ "တခြားနိုင်ငံမှာ တစ်တန်ကို ကန်ဒေါ်လာ ၁၄၀၀ လောက်ရရင် ဒီမှာက တစ်တန်ကို ကန်ဒေါ်လာ ၁၁၀၀ ဝန်းကျင်လောက်ရတယ်။ ကမ္ဘာ့ဈေးကွက်မှာဆိုရင် ဖာလာအမျိုးအစားအလိုက် တစ်တန်ကို ကန်ဒေါ်လာ ၃၀၀၀ ကနေ ၃၀၀၀၀ ကြားအထိ ဈေးရှိနေတယ်။ ဒီကထွက်တဲ့ ချဉ်ပေါင်ဖာလာက အရည်အသွေးနိမ့်တယ်။ အခုနောက်ပိုင်း တရုတ်နဲ့ အိန္ဒိယဈေးကွက်ကို တခြားနိုင်ငံတွေက အပြိုင်ပို့လာကြတော့ မြန်မာ့ချဉ်ပေါင်ဖာလာဈေးကွက် ဝေစုလျော့နည်းလာခဲ့သလို ဈေးနှုန်းရရှိမှုလည်း လျော့နည်းလာတယ်" ဟုပြောသည်။

ချဉ်ပေါင်ဖာလာကို ပွဲရုံကောက်ဈေးနှုန်းမှာ ဖာလာလုံးခြောက် တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ ခန့်ရှိကြောင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်၊ သံတောင်ကြီးဒေသထွက်မှာ အရည်အသွေးပိုကောင်း ကြောင်း ပြောသည်။ ချဉ်ပေါင်ဖာလာကို ဥရောပသမဂ္ဂနိုင်ငံများသို့ နမူနာတင်ပို့ရာတွင် အရွယ်အစားမညီခြင်း၊ မီးခိုးနံ့ပါခြင်း နှင့် အရောင်းအသွေးမညီခြင်းတို့ကြောင့် အခက်အခဲများ ရှိနေသေးကြောင်း၊ ထို့ကြောင့် ပြည်ပဈေးကွက်သစ်များသို့ တင်ပို့နိုင်ရန်နှင့် အရည်အသွေးကောင်းမွန်စွာ ထုပ်ပိုးတင်ပို့နိုင်ရေးအတွက် နည်းပညာများလိုအပ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ ချဉ်ပေါင်ဖာလာကုန်သည်ဖြစ်သူ ဦးတင်ထွန်းက ပြောသည်။ "နည်းပညာတွေ၊ ခူးဆွတ်နည်းတွေ၊ အစေ့ကို အခြောက်လှန်းစက်တွေ အများကြီး လိုအပ်တာပေ့ါ။ တစ်ပိုင်တစ်နိုင်စိုက်ခင်းတွေ စီးပွားဖြစ်လာအောင် မြေယာပြဿနာတွေလည်း ဖြေရှင်းကူညီပေးဖို့ လိုအပ်နေတယ်။ မြန်မာ့ဖာလာကို ယူနန်ပြည်နယ်ဘက်က အများဆုံးသုံးတယ်။ လက်ရှိသံတောင်ကြီးဒေသမှာတော့ စိုက်ကေ

တစ်သိန်းခွဲလောက်ရှိ တယ်။ တချို့ အလေ့ကျပေါက်ရောက်မှုတွေလည်း ပါတယ်”ဟု ပြောသည်။ ပြည်တွင်းကထွက်ရှိသည့် ချဉ်ပေါင်ဖာလာများသည် အော်ဂဲနစ်ဖြစ်သည့်အတွက် ပြည်ပနိုင်ငံအတော် များများက ကြိုက်နှစ်သက်ကြသော်လည်း လတ်တလောတွင် ပြည်တွင်းကထွက်ရှိသောအရည်အသွေးသည် တရုတ်နိုင်ငံသို့ တင်ပို့သည့်အရည်အသွေးသာရှိသေးကြောင်း သိရသည်။ ချဉ်ပေါင်ဖာလာမှာ အမျိုးအစားနှစ်မျိုးရှိနေပြီး ဖာလာနီကို နီပေါ၊ အိန္ဒိယ၊ ဘူတန်၊ အင်ဒိုနီးရှား၊ ထိုင်း၊ တရုတ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မြန်မာတို့တွင် စိုက်ပြီးဖာလာစိမ်းကို ဂွာတီမာလာ၊ အိန္ဒိယ၊ တန်ဇန်းနီးယား၊ ဟွန်ဒူးရပ်စ်၊ ကိုလံဘီယာ၊ ဘရာဇီး၊ သီရိလင်္ကာ၊ ဗီယက်နမ်နှင့် လာအိုတို့တွင် အများဆုံး စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် ချဉ်ပေါင်ဖာလာကို ကရင်ပြည်နယ် သံတောင်ကြီး၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မွန်၊ တနင်္သာရီနှင့် တောင်တန်းဒေသအချို့တွင်လည်း စိုက်ပျိုးသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ပြည်ပသို့ ချဉ်ပေါင်ဖာလာ တန် ၂၂၀၀ ကျော်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ခြောက်သန်း ကျော်ရရှိခဲ့သည်။

Source: https://www.thefarmermedia.com/news/14540

## ဂျပန်နှင့် ကိုရီးယားကုမ္ပဏီများ ရေလုပ်ငန်းနှင့် မွေးမြူရေးတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်ဆွေးနွေး

ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့က ကုမ္ပဏီများ မြန်မာနိုင်ငံရှိ ရေလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်ရန် လာရောက်ဆွေးနွေးနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနထံမှသိရသည်။ “အခုချိန်မှာတော့ မွေးမြူရေးကဏ္ဍနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းမှာ ရင်းနှီးမြှုပ်နှံဖို့လာရောက်ဆွေးနွေးတာဖြစ်ပါတယ်။ ငါးလုပ်ငန်းတွေ လုပ်ကိုင်ဖို့ရယ်။ နို့နဲ့ နို့ထွက်ပစ္စည်းလုပ်ငန်းပိုင်းတွေမှာ ရင်းနှီးလုပ်ကိုင်ဖို့ကို လာဆွေးနွေးတာ ဖြစ်တယ်”ဟု အဆိုပါဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေနှင့် အခြားသက်ဆိုင်သောအချက်အလက်များကိုလာရောက်ဆွေးနွေးမေးမြန်းခြင်းဖြစ်သည်။ “သူတို့တွေအနေနဲ့ ဒီမှာလုပ်ငန်းတွေ လာရောက်ရင်းနှီးမြှုပ်နှံရင် ဘယ်လိုခံစားခွင့်တွေရမလဲ၊ သူတို့လိုအပ်တဲ့ ပစ္စည်းတွေကိုတင်သွင်းလို့ရမလား။ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို နိုင်ငံတော်က ဘယ်လိုအကာအကွယ်ပေးမလဲ စတဲ့ အချက်တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးထားတယ်”ဟု ဦးသန့်စင်လွင်က ပြောသည်။



မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသည် ကီလိုမီတာ ၂၈၀၀ ကျော်ရှည်လျားပြီး ဘင်္ဂလား ပင်လယ်အော်၊ မုတ္တမပင်လယ်ကွေ့တို့နှင့်ဆက်စပ်လျက်ရှိရာ ကမ်းရိုးတန်းဒေသနေ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ရေထွက်နှင့်သားငါးပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းသည် အရေးပါသည့်အခွင့်အလမ်းများ ဖြစ် ကြောင်း၊မြန်မာ့ရေပြင် အနည်းငယ်ကိုသာ ငါးဖမ်းလုပ်ငန်း အတွက် အကျိုးရှိရှိ အသုံးပြုလျက် ရှိကာ ငါးနှင့် ရေထွက်လုပ်ငန်းအတွက် ရေချိုငါးကန် ဟက်တာ ပေါင်း ၅၀၀၀၀ ဖြင့် လုပ်ကိုင်လျက် ရှိသောကြောင့် ကမ်းနီး၊ ကမ်းဝေးရေထွက်နှင့် သားငါးမွေးမြူ ထုတ်လုပ်ခြင်းကဏ္ဍတွင် အလားအလာကောင်း များစွာရှ ိနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနထံမှသိရသည်။မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍတွင် ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅၀ ဝင်ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏ အမေရိကန်ဒေါ်လာ၅၁၄ သန်းကျော် ရင်းနှီးမြှုပ်နှံထားသည်။ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်း၊ ကိုရီးယား၊ ယူကေ၊ ဗီယက်နမ်၊ နယ်သာလန်၊ မလေးရှား၊ ဂျပန်၊ အိန္ဒိယ၊ ဘရူနိုင်း၊ဩစတြေးလျနှင့် အီတလီနိုင်ငံတို့က ရင်းနှီး မြှုပ်နှံထားခြင်း ဖြစ်သည်။

Source: http://htwettoe.com/article-details/news/8580104

# အထူးဆောင်းပါးများ

## စီမံကိန်းကိုးခုဖြင့် စတင်တော့မည့် ထားဝယ်အထူးစီးပွားရေးဇုန်

မြန်မာနိုင်ငံတွင် ထားဝယ် အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် သီလဝါ အထူးစီးပွားရေးဇုန်တို့ အကောင် အထည်ဖော်မည်ဖြစ်သည်။ ဂျပန်နိုင်ငံနှင့် ပူးပေါင်းအကောင်အထည် ဖော်ခဲ့သည့် သီလဝါ အထူးစီးပွားရေးဇုန်တွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လုပ်ကိုင်၍ အောင်မြင်လာသည့်အခါ ထားဝယ်အထူးစီးပွားရေးဇုန်ကို အကောင် အထည်ဖော်ရန် အာရုံစိုက်လာကြသည်။ အခြားတစ်ဖက်တွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကို တရုတ်နိုင်ငံနှင့် ပူးပေါင်း အကောင်အထည် ဖော်ရန် ဇန်နဝါရီ ၁၇ ရက်က လာရောက်သည့် တရုတ်သမ္မတ ရှီကျင်ပင်း၏ ခရီးစဉ်အတွင်း လက်မှတ်ရေး

ထိုးခဲ့သည်။ ကာလအတန်ကြာ ရပ်ဆိုင်းထား ရသည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း ပြန်လည်စတင်နိုင်ရန် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ကိုင်ခွင့်ရကုမ္ပဏီ အီတာလျံ-ထိုင်းတို့ ပြင်ဆင်နေသည်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည် ဖော်နိုင်ရေးအတွက် စီမံခန့်ခွဲမှုကော်မတီသည် အီတာလျံ-ထိုင်းကုမ္ပဏီနှင့် ကာလရှည်ကြာစွာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ရပြီး စာချုပ်ပါအချက်အလက်များ ပြင်ဆင်ခဲ့ရသည်ဟု သိရသည်။ မူလက ထားဝယ်အထူးစီးပွားရေးဇုန်၏ ဧရိယာသည် ၁၉၆ စတုရန်း ကီလိုမီတာရှိပြီး နှစ်ဖက်ညှိနှိုင်းမှုများ ပြုလုပ်ပြီး ဇုန်၏အရွယ်အစားကိုချုံ့၍ ကနဦးစီမံကိန်းနှင့် ပင်မစီမံကိန်းဟူ၍ နှစ်ခုခွဲလိုက်သည်။ လက်ရှိတွင် ကနဦးစက်မှုဇုန် စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် စာချုပ်ပိုင်းဆိုင်ရာအစီအစဉ်များ ပြင်ဆင်ပြီးစီးမှုသည် အခြားကနဦး အဆင့်စီမံကိန်း ရှစ်ခု အကောင်အထည်ပေါ်လာရေးအတွက် အဓိကအခြေခံအချက်ဖြစ်သည်ဟု ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီက သတင်းထုတ်ပြန်လိုက် သည်။

**၂၀၀၈ ကတည်းက စတင်ခဲ့သည့် ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်း**

ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်း အကောင်အထည်ဖော်ရန် ၂၀၀၈ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်။ စတင်စဉ်က စီမံကိန်းလုပ်ငန်းများတွင် ရေနက်ဆိပ်ကမ်း၊ မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီး၊ စက်မှုဇုန်များ၊ စီးပွားရေး အဆောက်အအုံများ၊ လူနေအိမ်ရာများ၊ လူမှုရေးဆိုင်ရာ အဆောက်အအုံများပါဝင်ကာ လုပ်ငန်း ပမာဏကြီးမားသဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ ထားဝယ်အထူး စီးပွားရေးဇုန် စီမံကိန်း အကောင်အထည်ဖော်ရန် နှစ်ရှည်လုပ်ငန်းလုပ်ကိုင်ခွင့်ရကုမ္ပဏီ အီတာလျံ-ထိုင်း (ITD) ၏ လုပ်ဆောင်ချက်များ နှေးကွေးခဲ့သည့်အတွက် ၂၀၁၃ ခုနှစ်တွင် စီမံကိန်းကို ရပ်ဆိုင်းခဲ့ရသည်။ ၂၀၁၅ ခုနှစ်တွင် ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက တင်ဒါအသစ် ပြန်ခေါ်ခဲ့ရာ အီတာလျံ-ထိုင်း (ITD) ကပင် စီမံကိန်းလုပ်ကိုင်ခွင့် ပြန်လည်ရရှိခဲ့သည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် ၂၀၁၅ ခုနှစ် ဩဂုတ်နှင့် ၂၀၁၆ ခုနှစ် မတ်တို့၌ မူလပင်မစီမံကိန်း ၁၉၆ စတုရန်း ကီလိုမီတာအနက်မှ ယခုအကောင်အထည်ဖော် လျာထားသော ၂၇ စတုရန်း ကီလိုမီတာအကျယ်ရှိ ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အီတာလျံ-ထိုင်း ဦးဆောင်သောရင်းနှီးတည်ဆောက်မည့်ကုမ္ပဏီများနှင့်စီမံကိန်းအလိုက် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် စာချုပ်များချုပ်ဆိုခဲ့သည်။ "အရွယ်အစားအားဖြင့် စတုရန်းကီလိုမီတာ ၂၀၀ လောက်ကနေ နောက်ပိုင်းမှာ စတုရန်း ကီလိုမီတာကို အရမ်းသေးပစ်လိုက်တယ်။ သေးလိုက် တဲ့အပြင် ဇုန်ကို နှစ်ခုခွဲလိုက်တယ်။ ကနဦးစီမံကိန်းနဲ့ ပင်မ စီမံကိန်း နှစ်ခု ခွဲလိုက်တယ်။ အခုကျွန်တော်တို့ထုတ်လုပ်တဲ့ Landuse Agreement က ကနဦး စီမံကိန်းနဲ့ပတ်သက်တဲ့ မြေငှားစာချုပ်ကို ချုပ်ဆိုဖို့အတွက် ထုတ်ပေး လိုက်တာဖြစ်ပါတယ်"ဟု ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာ တင်ထူးနိုင်က ပြောကြားသည်။

၂၀၁၅ ခုနှစ်တွင် အီတာလျံ-ထိုင်း (ITD) ကုမ္ပဏီနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရန် စာချုပ်ပေါင်း ရှစ်ခုနှင့် စီမံကိန်းပေါင်း ကိုးခုအတွက် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ သို့သော် ITD ကုမ္ပဏီဘက်က အကောင်အထည်ဖော်မှု နှေးကွေးခဲ့သည်။ စီမံကိန်း အကောင်အထည်ဖော်နိုင်မှု နှေးကွေးသည်ဆိုသော်လည်း ကုမ္ပဏီဘက်ကအခက်အခဲများ ရှိသကဲ့သို့ ကော်မတီဘက်မှဖြည့်ဆည်းပေးရမည့် အချက်အလက်အချို့လည်းရှိခဲ့သည်။ ကုမ္ပဏီဘက်က တင်ပြလာသည့် အချက်အလက်များအပေါ် စီမံခန့်ခွဲကော်မတီက လိုက်လျောနိုင်သမျှ လိုက်လျောခဲ့ပြီး ညှိနှိုင်းဆောင်ရွက်ခဲ့ရသည်ဟုသိရသည်။ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာအစိုးရအတွက် ပိုမို၍စွန့်စားမှုပြုလုပ်ရန် ဖြစ်ပေါ်စေခြင်း သို့မဟုတ် ငွေကြေး အကျိုးအမြတ် တစ်စုံတစ်ရာလျော့နည်းစေခြင်းများ မပေါ်ပေါက်စေရဘဲ စက်မှုဇုန်လုပ်ငန်းများအတွက် ငွေကြေး အရင်းအနှီး လိုအပ်ချက် ဖန်တီးရရှိနိုင်ရေးအပေါ် အခွင့်အလမ်း ပိုမိုကောင်းမွန်စေပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် သဘောတူညီချက် ရလဒ်များရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် အဆိုပါသဘောတူညီမှုရလဒ်များပြီးမြောက်အောင်ဆောင်ရွက်နိုင်သည့်အကြံဉာဏ်များကိုစီမံခန့်ခွဲမှုကော်မတီအနေဖြင့် မြန်မာနိုင်ငံနှင့်အပြည်ပြည်ဆိုင်ရာဥပဒေကျွမ်းကျင်သူများထံမှ ရယူခဲ့သည်ဟု ကော်မတီ က သတင်းထုတ်ပြန်ထားသည်။



**လျော်ကြေးပေးခြင်းနှင့် ရွှေ့ပြောင်း နေရာချထားခြင်းကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဆောင်ရွက်ရမည်**

